**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး**
**အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၂၂**
**၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်**
**(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)**

**ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်အကြိုဈေးကွက် (Pre Listing Board – PLB) အမည်ဖြင့် ဒုတိယဈေးကွက် (Second Board) တည်ထောင်ခွင့်ပြုခြင်း**

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၇၁၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ၃၁.၁.၂၀၂၂ ရက်နေ့တွင် ကျင်းပသော စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၄/၂၀၂၁-၂၀၂၂) ၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်အကြိုဈေးကွက် (Pre Listing Board – PLB) အမည်ဖြင့် ဒုတိယဈေးကွက် (Second Board) ကိုတည်ထောင်ခွင့်ပြုခြင်း၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီများ တိုးတက်လာစေရေးအတွက် အထောက်အကူပြုနိုင်စေရန်နှင့် စတော့ရှယ်ယာဈေးကွက် ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ရောက်လိုသော်လည်း စာရင်းဝင်ဆိုင်ရာစံသတ်မှတ်ချက်များပြည့်မီရန် လိုအပ်ချက်များရှိနေသော အများပိုင်ကုမ္ပဏီများအတွက် ကြားခံပြင်ဆင်ဆောင်ရွက်သည့် ဈေးကွက်တစ်ခုဖန်တီးပေးရန်၊

(ဂ) မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈-၂၀၃၀) ၏ ပန်းတိုင် (၂)၊ မဟာဗျူဟာ ၂.၅.၃ ပါအခြေခံလုပ်ငန်းစဉ်နှင့်အညီတစ်စိတ်တစ်ပိုင်းဖြစ်စေ၊ အပြည့်အဝဖြစ်စေ ရှယ်ယာခေါ်ယူ

ဆောင်ရွက်သင့်သည့် နိုင်ငံပိုင်လုပ်ငန်းများကို ဖော်ထုတ်သတ်မှတ်ပြီး စာရင်းဝင်အကြိုဈေးကွက်မှတစ်ဆင့် စာရင်းဝင်ကုမ္ပဏီများ ဖြစ်လာစေရေးဆောင်ရွက်ရန်၊

(ဃ) မြန်မာနိုင်ငံ၏အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာရင်းဝင်အကြိုဈေးကွက်မှတစ်ဆင့် အရင်းအနှီးများ ရှာဖွေစုဆောင်းနိုင်စေရန်။

၃။ ရန်ကုန်စတော့အိပ်ချိန်းသည် စာရင်းဝင်အကြိုဈေးကွက်တည်ထောင်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် –

(က) စာရင်းဝင်အကြိုဈေးကွက် တည်ထောင်ရန်လိုအပ်သည့် မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းစည်းမျဉ်းများ (Securities Registration Business Regulation)၊ စာရင်းဝင်အကြိုဈေးကွက်၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာလုပ်ငန်း လမ်းညွှန်စာအုပ် (Business Operation Manual of Pre Listing Board)၊ မှတ်ပုံတင်ခြင်းဆိုင်ရာစံသတ်မှတ်ချက်နှင့် မှတ်ပုံတင်အကြံပေးခန့်အပ်ခြင်းဆိုင်ရာသတ်မှတ်ပြဋ္ဌာန်းချက်များနှင့် အခြားသက်ဆိုင်ရာစည်းမျဉ်းစည်းကမ်း၊ လမ်းညွှန်ချက်နှင့် လုပ်ထုံးလုပ်နည်းများကို ကော်မရှင်က ထုတ်ပြန်နိုင်ရန် တင်ပြရမည်၊

(ခ) စာရင်းဝင်အကြိုဈေးကွက်တွင် မှတ်ပုံတင်မည့် အများနှင့်သက်ဆိုင်သောကုမ္ပဏီများနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ဆောင်ရွက်၍ ကော်မရှင်သို့ တင်ပြရမည် –

(၁) မှတ်ပုံတင်အကြံပေးခန့်အပ်ခြင်း၊

(၂) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးကိစ္စများနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများအား လိုက်နာမျှအခြေအနေများ၊

(၃) မှတ်ပုံတင်မည့်ကုမ္ပဏီများ၏ အစုရှယ်ယာများကို အများပြည်သူသို့ ကမ်းလှမ်း ရောင်းချခြင်း၊

(၄) မှတ်ပုံတင်မည့်ကုမ္ပဏီများ၏ အစုရှယ်ယာများအား နိုင်ငံခြားသားများ ပါဝင်ရောင်းဝယ်ခွင့်ပြုခြင်း။

(ဂ) စာရင်းဝင်အကြိုဈေးကွက်တွင် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားလာသည့် ကုမ္ပဏီကို သတ်မှတ်ထားသည့် အရည်အသွေးစံသတ်မှတ်ချက်နှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ပြီး သတ်မှတ်ချက်နှင့်ကိုက်ညီသည့် ကုမ္ပဏီကို ကော်မရှင်၏ အတည်ပြုချက်ဖြင့် မှတ်ပုံတင်ရမည်၊

(ဃ) မှတ်ပုံတင်ကြေးအဖြစ် လျှောက်ထားသည့်ကုမ္ပဏီကို ငွေချေးသက်သေခံ လက်မှတ်များမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစည်းမျဉ်းများပါ အရည်အချင်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ မရှိ စိစစ်ပြီး ကော်မရှင်၏အတည်ပြုချက် ရယူ၍ ခွင့်ပြုရမည်၊

(င) စာရင်းဝင်ကုမ္ပဏီဖြစ်လာစေရေးအတွက် စာရင်းဝင်အကြိုဈေးကွက်တွင် မှတ်ပုံ တင်ထားသည့် ကုမ္ပဏီများ၏ တိုးတက်မှုအခြေအနေများကို ကော်မရှင်သို့ တင်ပြရမည်၊

(စ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက် ကိစ္စများ နှင့်စပ်လျဉ်း၍ စာရင်းဝင်အကြိုဈေးကွက်တွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီ များ၏ တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်မှုအခြေအနေများကို သက်ဆိုင်ရာအဖွဲ့အစည်းသို့ စိစစ်တင်ပြရမည်၊

(ဆ) အသေးစား၊ အငယ်စား နှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် ရေးအေဂျင်စီ (Myanmar SME Development Agency) က အသိအမှတ် ပြုထားသော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် စာရင်းဝင်အကြိုဈေးကွက်အတွက် ထုတ်ပြန်ထားသည့် အရည်အချင်းသတ်မှတ် ချက်များနှင့် ပြည့်စုံပါက ရန်ကုန်စတော့အိပ်ချိန်း စာရင်းဝင်အကြိုဈေးကွက်တွင် မှတ်ပုံတင်နိုင်သည်။ ရန်ကုန်စတော့အိပ်ချိန်းသည် သက်သာသော အခကြေးငွေ ဖြင့် မှတ်ပုံတင်ပေးရမည်။

၄။ အောက်ပါကုမ္ပဏီများသည် စာရင်းဝင်အကြိုဈေးကွက်တွင် စာရင်းဝင်ကုမ္ပဏီအဖြစ် မှတ်ပုံတင်ပြီး အစုရှယ်ယာများ ရောင်းဝယ်ခွင့်ရှိသည် –

(က) ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ထားသည့်ကုမ္ပဏီများမှတစ်ပါး ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေပုဒ်မ ၃၅၊ ပုဒ်မခွဲ (က) အရ ကော်မရှင်၏ အတည်ပြုချက်ဖြင့် အများပြည်သူသို့ အစုရှယ်ယာဖိတ်ခေါ်ထားသည့်ကုမ္ပဏီ၊

(ခ) အစုရှယ်ယာ ၁၀၀ ဦးနှင့်အထက်ရှိသော အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီ၊

(ဂ) ရန်ကုန်စတော့အိပ်ချိန်းမှထုတ်ပြန်သည့် စာရင်းဝင်အကြိုဈေးကွက် စံသတ်မှတ်ချက်နှင့် ကိုက်ညီသည့်ကုမ္ပဏီ။

၅။ စာရင်းဝင်အကြိုဈေးကွက်တွင် မှတ်ပုံတင်မည့်ကုမ္ပဏီသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) စာရင်းဝင်အကြိုဈေးကွက်တွင် မှတ်ပုံတင်ရန် မှတ်ပုံတင်အကြံပေး ခန့်ထားရာတွင် မှတ်ပုံတင်အကြံပေးသည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ခုခု သို့မဟုတ် ရန်ကုန်စတော့အိပ်ချိန်းမှ ခန့်အပ်ထားသည့် ကုမ္ပဏီဖြစ်ရမည်၊

(ခ) စာရင်းဝင်အကြိုဈေးကွက်တွင် စတင်ဝင်ရောက်သည့်ရက်မှစ၍ ငါးနှစ်အတွင်း ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီဖြစ်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမည်၊

(ဂ) စာရင်းဝင်အကြိုဈေးကွက်၌ မှတ်ပုံတင်ရာတွင် -

(၁) လက်ရှိအစုရှယ်ယာများ ကမ်းလှမ်းရောင်းချရန်ဖြစ်ပါက မှတ်ပုံတင်အကြံပေး၏ ထောက်ခံချက်ရယူရမည်၊

(၂) အစုရှယ်ယာသစ်များ ကမ်းလှမ်းရောင်းချရန်ဖြစ်ပါကငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၃၅၊ ပုဒ်မခွဲ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာသည့် အလားအလာဩွန်းတမ်းကို ကော်မရှင်၏ အတည်ပြုချက်ရယူပြီး ဖြစ်ရမည်။

(ဃ) စာရင်းဝင်အကြိုဈေးကွက်တွင် မှတ်ပုံတင်ပြီးမှ အစုရှယ်ယာသစ်များ ထပ်မံကမ်းလှမ်းရောင်းချရန်ဖြစ်ပါက ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်း

ဝယ်ရေးဥပဒေ ပုဒ်မ ၃၅၊ ပုဒ်မခွဲ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာသည့် အလားအလာညွှန်းတမ်းကို ကော်မရှင်၏ အတည်ပြုချက်ရယူရမည်၊

(င) ရန်ကုန်စတော့အိပ်ချိန်း၏ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၆။ မှတ်ပုံတင်အကြံပေးသည် -

(က) ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ခ) ပါ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းများမှအပ စာရင်းဝင်အကြိုဈေးကွက်တွင် မှတ်ပုံတင်အကြံပေးလုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်၊

(ခ) ရန်ကုန်စတော့အိပ်ချိန်း၏ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်၊

(ဂ) မှတ်ပုံတင်အကြံပေးလုပ်ငန်းဆောင်ရွက်ရာတွင် ဖြောင့်မတ်တည်ကြည်မှုရှိရမည်။

၇။ မှတ်ပုံတင်အကြံပေးသည် ရန်ကုန်စတော့အိပ်ချိန်း၏ စာရင်းဝင်အကြိုဈေးကွက်တွင် မှတ်ပုံတင်အကြံပေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အောက်ပါကိစ္စရပ်များကို ဆောင်ရွက်ရမည် -

(က) မှတ်ပုံတင်လျှောက်ထားခြင်းနှင့်သက်ဆိုင်သည့် အကြံပေးခြင်း၊

(ခ) မှတ်ပုံတင်လျှောက်ထားရာတွင် ရန်ကုန်စတော့အိပ်ချိန်းမှ သတ်မှတ်ထားသော ထောက်ခံချက်နှင့် ဈေးကွက်တန်းဖိုးအကဲဖြတ်မှုများကို ပြင်ဆင်ပေးခြင်းနှင့် လိုအပ်ချက်များကို အတည်ပြုပေးခြင်း၊

(ဂ) မှတ်ပုံတင်ပြီးနောက် ကော်ပိုရိတ်သတင်းအချက်အလက်များ ဖွင့်ဟကြေညာရာတွင် အကြံပေးခြင်း။

၈။ ဤအမိန့်ကြော်ငြာစာပါ ပြဋ္ဌာန်းချက်များနှင့်အညီ စာရင်းဝင်အကြိုဈေးကွက် တည်ထောင်ဆောင်ရွက်ရာတွင် ငွေချေးသက်သေခံလက်မှတ် လွှဲပြောင်းမှုများကို အီလက်ထရောနစ်နည်းဖြင့် မှတ်တမ်းတင်နိုင်ရန် ရန်ကုန်စတော့အိပ်ချိန်း၊

ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများနှင့် မှတ်ပုံတင်အကြံပေးကုမ္ပဏီတို့သည် ကော်မရှင်မှထုန်ပြန်ထားသည့် အမိန့်ကြော်ငြာစာ ၁/၂၀၁၅ ကိုလိုက်နာရမည်။

၉။ စာရင်းဝင်အကြိုဈေးကွက်တွင် နိုင်ငံခြားသားများကို ကော်မရှင်မှထုတ်ပြန်သည့် အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များနှင့်အညီ ပါဝင်ရောင်းဝယ်ခွင့်ပြုသည်။

(မောင်မောင်ဝင်း)

ဥက္ကဋ္ဌ

စာအမှတ်၊ ကော်မရှင် -၃/၃/၂ (၃၈-ခ/၂၀၂၂)

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်။